## (၁) တနင်္သာရီတိုင်းဒေသကြီး အစိုးရအတွက် ပြည်သူ့ဆက်ဆံရေးသည် အဘယ်ကြောင့် အရေးကြီးသနည်း။

> "ထိရောက်သော ပြည်သူ့ဆက်ဆံရေးသည် ပြည်သူနှင့်အစိုးရအကြားရှိ ဆက်ဆံရေးကို တိုးတက်စေနိုင်ပြီး အစိုးရ၏အချိန်မဆိုင်း တုံ့ပြန်နိုင်မှုနှင့်တာဝန်ခံမှုကို အားကောင်းစေပါသည်။"

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား အားပေးမြှင့်တင်ရန် ပြည်သူ့ဆက်ဆံရေးသည် အရေးပါသော နေရာတွင်ရှိသည်။ ထိရောက်သော ပြည်သူ့ဆက်ဆံရေးသည် ပြည်သူနှင့်အစိုးရအကြားရှိ ဆက်ဆံရေးကို တိုးတက်စေနိုင်ပြီး အစိုးရ၏ အချိန်မဆိုင်း တုံ့ပြန်နိုင်မှုနှင့် တာဝန်ခံမှုကို အားကောင်းစေပါသည်။ ကောင်းမွန်သော သတင်းအချက်အလက် စီးဆင်းမှုသည် ပြည်သူများအား အစိုးရ၏ လက်ရှိနှင့်နောင်လာမည့် အစီအစဉ်များအား သတိထားမိစေခြင်း၊ မိမိတို့၏ တာဝန်နှင့်ဝတ္တရားများအား နားလည်စေခြင်း၊ မိမိတို့၏လိုအပ်ချက်နှင့် အမြင်များအား ဖော်ထုတ်ပြသရန် စိတ်အားတက်ကြွစေခြင်းနှင့် ဝန်ဆောင်မှုများအား မည်သို့ လက်လှမ်းရယူနိုင်သည်ကို သိရှိစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဗျူဟာကျသော ပြည်သူ့ဆက်ဆံရေး ယန္တရားများသုံးခြင်းသည် အစိုးရဌာနများ၏ တာဝန်ခံမှုကို အားပေးမြှင့်တင်ပေးသောကြောင့် အဂတိလိုက်စားမှုလျှော့ချရေးနှင့် အစိုးရ၏လုပ်ငန်း အစီအစဉ်များ၏ ထိရောက်မှုနှင့် လုပ်နိုင်စွမ်းကို တိုးတက်စေပါသည်။

တစ်ဖက်တွင် ပြည်သူ့ဆက်ဆံရေးကို ကောင်းမွန်စွာ ဆောင်ရွက်ခြင်းမရှိပါက အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွင် အခက်အခဲများ ပို၍ရင်ဆိုင်ရကာဆိုးကျိုးများလည်း ရှိလာနိုင်သည်။ ယေဘုယျအားဖြင့် နိုင်ငံရေးဆန္ဒများကို အားလျော့စေခြင်း (နိုင်ငံရေးနှင့် အစိုးရလုပ်ငန်းစဉ်များတွင် ပြည်သူများ ပါဝင်လိုမှု)၊ မတူညီသည့်အစုအဖွဲ့များ သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ အတိုက်အခံပြုလုပ်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းများ ရှိနိုင်ခြင်း၊ ထို့အပြင် ပြည်သူများက အင်အားသုံးတုံ့ပြန်မှုများ (ဆန္ဒပြခြင်း သို့မဟုတ် အင်အားစွဲကိုင် သပိတ်မှောက် ဆန့်ကျင်ခြင်း) ကဲ့သို့သော ဆိုးကျိုးများ ရှိလာနိုင်သည်။

## (၂) တနင်္သာရီတိုင်းဒေသကြီး အစိုးရအတွက် ပြည်သူပူးပေါင်းပါဝင်မှုသည် အဘယ်ကြောင့်အရေးကြီးသနည်း။

> "ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုထိရောက်စွာ ဆောင်ရွက်ထားပါက ပို၍ထိရောက်ပြီးတန်းတူညီမျှမှု ရှိသောရေရှည်သဘော ဆောင်သည့်စီမံကိန်းများ၊ မူဝါဒများနှင့် ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေမည်ဖြစ်သည်။"

ပူးပေါင်းပါဝင်ခြင်းဖြင့် ပြည်သူများသည် ၎င်းတို့၏လိုအပ်ချက်များ၊ ပူပန်မှုများနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချသူများနှင့် အစိုးရစွဲကိုင်သည့် မူဝါဒများအပေါ်တွင် လွှမ်းမိုးမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ထိရောက်စွာ ဆောင်ရွက်ထားပါက ပို၍ထိရောက်ပြီး တန်းတူညီမျှမှုရှိသော ရေရှည်သဘောဆောင်သည့် စီမံကိန်းများ၊ မူဝါဒများနှင့် ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ပြည်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် အစိုးရဆုံးဖြတ်ချက်များကို ပြည်သူများ၏ဆန္ဒနှင့်ကိုက်ညီလာစေရုံသာမက ပဋိပက္ခများကိုလည်း ပြေလျော့စေကာ ယုံကြည်မှုတည်ဆောက်ခြင်းကို အထောက်အပံ့ပေးနိုင်ပြီး ပြဿနာနှင့်ပတ်သက်၍လည်း ပြည်သူများ၏ အသိအမြင်များကို တိုးတက်စေပါသည်။ ပြည်သူများ၏ ရေခံမြေခံ ဗဟုသုတများကို ထည့်သွင်းပါဝင်ခွင့်ရှိသည့်အလျောက် ဆုံးဖြတ်ချက်ချမှတ်မှုများကိုလည်း ပိုမိုကောင်းမွန်စေပါသည်။ ပြည်သူနှင့်အစိုးရအကြား ပဋိပက္ခများကို တားဆီးခြင်းနှင့် ပြည်သူနှင့်ဆိုင်သော အဖွဲ့အစည်းများအပေါ် ပြည်သူ့ယုံကြည်မှုကို တိုးတက်စေခြင်း တို့ဖြင့် ဒီမိုကရေစီကိုလည်း အားကောင်းစေပါသည်။

အစိုးရလုပ်ငန်းများတွင် ပြည်သူများကိုဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်းများမရှိပါက ပြည်သူများသည် ၎င်းတို့၏ဘဝများကို ထိခိုက်စေမည့် လူမှုစီးပွားသက်ရောက်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်သည်ဖြစ်ရာ ပြည်သူလူထု၏ဆန့်ကျင်မှု၊ မသင်္ကာသံသယဖြစ်မှုနှင့် ဆန္ဒပြမှုများနှင့် ရင်ဆိုင်ရနိုင်ပါသည်။

## သုတေသနနည်းနာ

ကနဦးအနေဖြင့် သုတေသနစာပေများကို သုံးသပ်ခြင်းများအား ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးရှိ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် ရင်ဆိုင်နေရသော ကိစ္စရပ်များကို လေ့လာနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးတွင် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲအတွင်း လိုအပ်ချက်များနှင့် ရင်ဆိုင်နေရသောကိစ္စရပ်များ ဖော်ထုတ်ခဲ့ကြပြီး အဖွဲ့လိုက်ဆွေးနွေးခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲများအား မတူညီသော စတိတ်ဟိုဒါများဖြင့် "ပထမရက်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယရက်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တတိယရက်တွင် အစိုးရဝန်ထမ်းများဖြင့်" ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်လာသူ စုစုပေါင်း ၁၂၆ ဦးရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၉ ဦး၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၂၆ ခုမှ ဝန်ထမ်း ၃၂ ဦးနှင့် မတူညီသော ဦးစီးဌာနများမှ အစိုးရဝန်ထမ်း ၉၅ ဦးတို့ ပါဝင်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသောအချက်အလက်များနှင့် သုံးသပ်မှုများအပေါ်အခြေခံပြီး ၎င်းတို့၏လိုအပ်ချက်နှင့် ရင်ဆိုင်နေရသောကိစ္စများကို နားလည်နိုင်ရန်နှင့် ဖြစ်နိုင်သောဖြေရှင်းချက်ဥပမာများအား ရှာဖွေရန် သုတေသနထပ်မံပြုစုခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီးရှိ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ တုံ့ပြန်မှုနှင့် အကြံပြုချက်များမှတစ်ဆင့် ကျွန်ုပ်တို့၏ သုတေသနဆိုင်ရာအချက်အလက်များ တိကျမှုရှိရန်နှင့် ကိုက်ညီမှုရှိရန် သုတေသနစာတမ်းမူကြမ်းအား ရွတ်ဖတ်ခြင်းကိုလည်း ပြုလုပ်ခဲ့ပါသည်။

## (၃) တနင်္သာရီတိုင်းဒေသကြီးရှိ သတင်းအချက်အလက်ရယူမှုအခြေအနေနှင့်ပတ်သက်၍ကျွန်ုပ်တို့သိသောအရာများ

တနင်္သာရီတိုင်းဒေသကြီးအတွင်း သတင်းအချက်အလက်ရယူမှုသည် စိန်ခေါ်မှုတစ်ခုအဖြစ်တည်ရှိနေဆဲဖြစ်သည်။ သတင်းအချက်အလက် ဖြန့်ဝေမှုအဆင့်များမှာ အောက်ပါအတိုင်းကွဲပြားခြားနားကြသည်။

- **အစိုးရ၏အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများ** (ကျောင်း၊ ဆေးခန်း၊ ကျေးရွာလမ်း) နှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ရပ်ကျေးအုပ်ချုပ်ရေးမှူးများ နှင့် ဆယ်အိမ်မှူးများမှတစ်ဆင့် ဖြန့်ဝေခြင်းအား တနင်္သာရီတိုင်းဒေသကြီး၏ အချို့သောဒေသများတွင် ကျေနပ်မှုများရှိသည်ကိုတွေ့ရသည်။
- **စီမံခန့်ခွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးရေးရံပုံငွေများအသုံးပြုခြင်း လုပ်ထုံးလုပ်နည်းများ**သည် လုံလောက်မှု မရှိကြောင်းနှင့် ပြည်သူလူထုအကြား လည်ပတ်စီးဆင်းမှု အားနည်းသည်ဟု ဆိုကြသည်။ သို့သော်လည်း မကြာခင်က ဘတ်ဂျက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် ပြည်သူပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ကြိုးပမ်းအားထုတ်မှုများကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း သတင်းအချက်အလက် စီးဆင်းမှုသည် ပိုမိုတိုးတက်လာသည်ဟု သိရသည်။
- **အစိုးရဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ -** အစိုးရဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုသို့ ရှင်းလင်းတင်ပြမှုမရှိဟုလွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြခဲ့သည်။ ပြည်သူများမှ ဥပဒေများနှင့် အစိုးရဌာနများအတွင်း လုပ်ထုံးလုပ်နည်းများအကြောင်း နားလည်မှုအားနည်းကြောင်း အစိုးရဝန်ထမ်းများကလည်း ပြောကြသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း ဥပဒေများသည် ပညာရပ်နှင့်ဆိုင်သော အသုံးအနှုန်းများဖြင့် ရေးသားထားသောကြောင့် ပြည်သူများမှနားလည်ရန် ခက်ခဲသည်ဟုလည်း ထောက်ပြသည်။ ပြည်သူများမှ မြေသိမ်းဥပဒေ၊ လယ်ယာမြေဥပဒေနှင့် ငါးလုပ်ငန်းဥပဒေများအပါအဝင် ဥပဒေများအား သိရှိမှုနှင့် နားလည်မှုရှိခြင်းနှင့်ပတ်သက်၍ ဥပဒေချမှတ်ရေးအပိုင်းတွင် ပြည်သူပါဝင်နိုင်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ထောက်ပြကြသည်။
- **မြေယာကိစ္စရပ်များအပေါ် ပြည်သူများ အသိအမြင်အားနည်းခြင်း -** မြေယာပြဿနာနှင့်သဘာဝသယံဇာတသည် အလုပ်ရုံဆွေးနွေးပွဲအတွင်း အများဆုံးဆွေးနွေးကြသော ကိစ္စရပ်များဖြစ်သည်။ အများစုမှ ထိုပြဿနာများနှင့် ပတ်သက်၍ ပြည်သူများသိရှိမှု အားနည်းခြင်းကိုလည်း ထောက်ပြခဲ့ကြသည်။ မြေယာပြဿနာနှင့် စပ်လျဉ်း၍ ဥပဒေများနှင့် တားမြစ်ချက်များကို ပြည်သူများမှနားမလည်ခြင်း၊ ရပ်ကျေးအဆင့်တွင် သတင်းအချက်အလက်ရယူနိုင်မှုမရှိခြင်းနှင့် ဥပဒေ၏အားနည်းချက်များကို ထောက်ပြခဲ့ကြသည်။ သဘာဝသယံဇာတနှင့် စပ်လျဉ်း၍ အထူးစီးပွားရေးဇုန် စီမံကိန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့်ဆိုင်သော သတင်းအချက်အလက်များမရှိခြင်းကို အလေးအနက် ပြောဆိုခဲ့ကြသည်။

## (၄) တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူပူးပေါင်းပါဝင်မှုအခြေအနေနှင့်ပတ်သက်၍ကျွန်ုပ်တို့သိသောအရာများ

> "ဒေသစီမံကိန်းများနှင့် ဘတ်ဂျက်ဦးစားပေးခြင်းများအတွက် အကြံပြုခြင်းများနှင့် ဆွေးနွေးပွဲများသည် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကြားတွင်သာရှိပြီး ပိုမိုကျယ်ပြန့်သော လူထုပါဝင်မှု မရှိသည်ကိုတွေ့သည်။"

တနင်္သာရီတိုင်းဒေသကြီးတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူများအကြား ချိတ်ဆက်ပေးသူဖြစ်သည်။ ဒေသဆိုင်ရာစီမံကိန်းများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များအပေါ်တွင် ပြည်သူများပါဝင်မှုမှာ အကန့်အသတ်နှင့်သာ ရှိနေသည်ဟု ယူဆနေကြသည့်တိုင်အောင် ပြည်သူနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြား အပြန်အလှန် ဆက်ဆံရေးနှင့် ဒေသဆိုင်ရာစီမံကိန်းများတွင် ပြည်သူများ၏ ပါဝင်ခြင်းတို့အတွက် အုပ်ချုပ်ရေးမှူးများသည် ကြားခံအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးရံပုံငွေဖြင့်ဆောင်ရွက်သော ဒေသဆိုင်ရာစီမံကိန်းများတွင် ပြည်သူများပူးပေါင်းပါဝင်မှုမှာ အားကောင်းနေသည်။

မြို့ပြဒေသများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီတွင် တွေ့ရှိနိုင်သည်။ သို့သော်လည်း ဒေသစီမံကိန်းများနှင့် ဘတ်ဂျက်ဦးစားပေးခြင်းများအတွက် အကြံပြုခြင်းများနှင့် ဆွေးနွေးပွဲများသည် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကြားတွင်သာရှိပြီး ပိုမိုကျယ်ပြန့်သောလူထုပါဝင်မှုမရှိသည်ကို တွေ့ရသည်။ မြို့နေလူထုများအား ပါဝင်စေနိုင်သော ပုံမှန်လူထုတွေ့ဆုံပွဲများ ဆောင်ရွက်ရန် ယန္တရားလည်း မရှိပါ။

အစိုးရဝန်ထမ်းများမှလည်း ဦးစီးဌာနများအကြားရှိပူးပေါင်းဆောင်ရွက်မှုအားမြှင့်တင်ရန်နှင့် ဒေသအချက်အလက်များ ရရှိနိုင်ရန်အလို့ငှာ ပြည်သူလူထုနှင့် ထိတွေ့ရန်လိုအပ်ကြောင်း ထောက်ပြထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူထုအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ထိတွေ့မှုမရှိခြင်းကို ပြဿနာတစ်ရပ်အဖြစ် အလုပ်ရုံဆွေးနွေးပွဲများ၌ ဆွေးနွေးခဲ့သော ကိစ္စရပ်တိုင်းတွင် ဖော်ပြကြသည်။


## (၅) ဤကိစ္စရပ်များနှင့်ပတ်သက်၍အခြားသောနိုင်ငံများမှသင်ယူလေ့လာနိုင်သောအရာများ

အောက်ဖော်ပြပါ ဥပမာလေးခုသည် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှုဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် ထိရောက်ခဲ့သော စီမံကိန်းများဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲအတွင်းဖော်ထုတ်ခဲ့သော ကိစ္စရပ်များနှင့်လည်း ဆက်စပ်နေပါသည်။

### ပြည်သူ့ဆက်ဆံရေးပြဿနာဖြေရှင်းခြင်း စီမံကိန်းများ

#### တရားမျှတမှုရရှိရေးနှင့် ဥပဒေအမြင်ဖွင့်မှုဆောင်ရွက်ခြင်း (တီမောလက်စ်တီ)

**ပြည်သူလူထု (အထူးသဖြင့်အင်အားအနည်းဆုံးလူထုကို) အကာအကွယ်ပေးနိုင်သည့် ဥပဒေစနစ်တစ်ရပ်ပေါ်ပေါက်လာစေရန်ဖြစ်သည်။**





ရပ်ရွာလူထု အသိပညာ ဖြန့်ဝေရန်အတွက် ရပ်ရွာကိုယ်စားလှယ်များ ရွေးချယ်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

ဥပဒေဆိုင်ရာအသိပညာမြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲများအား ဒေသအခြေပြုစကားဝိုင်းများ၊ ခရိုင်အခြေပြုအလုပ်ရုံဆွေးနွေးပွဲများ၊ ရပ်ရွာအဆင့် အလုပ်ရုံဆွေးနွေးပွဲများ နှင့် ရေဒီယို အစီအစဉ်များမှ တစ်ဆင့် ပညာပေးခြင်းများ

ပုံ – ၁။ ။ ရပ်ရွာအဆင့်အလုပ်ရုံဆွေးနွေးပွဲများနှင့် တွေ့ဆုံပွဲများကို တနင်္သာရီတိုင်းဒေသကြီးတွင် ပုံမှန်လုပ်ဆောင်လျက်ရှိသည့်အလျောက် ဥပဒေအသိပညာပိုင်းဆိုင်ရာ ခေါင်းစဉ်များအား ၎င်းဆွေးနွေးပွဲများတွင် ထည့်သွင်းခြင်းဖြင့် ဒေသအခြေအနေနှင့် ယဉ်ကျေးမှုအရ သင့်တော်မှုရှိသကဲ့သို့ ဥပဒေအသိအမြင် မြှင့်တင်ရန်အတွက် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။

#### အုပ်ချုပ်ရေးတွင် နည်းပညာကိုပေါင်းစပ်အသုံးပြုခြင်း (နာဂါမြို့ ဖိလစ်ပိုင်နိုင်ငံ)

**ပိုမိုတာဝန်ခံမှုရှိပြီး အချိန်မဆိုင်းတုံ့ပြန်မှုရှိသော အစိုးရတစ်ရပ်ဖော်ဆောင်ရန်နှင့် အစိုးရဝန်ထမ်းများအား ပိုမိုဆန်းသစ်သော ချဉ်းကပ်မှုပုံစံများဖြင့် မြို့တော် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန်ဖြစ်သည်။**




**Naga.gov (www.naga.gov.ph) -** အစိုးရဝဘ်ဆိုက်အား အများပြည်သူ နားလည်နိုင်၍ အသုံးဝင်သော သတင်းအချက်အလက်များဖြင့် ပြန်လည်ပြင်ဆင်မွမ်းမံခြင်း

**Netserve -** မြို့တော်အစိုးရအဖွဲ့မှ ပေးသော ဝန်ဆောင်မှု စာရင်းများကို ဝဘ်ဆိုက်အတွင်း ထည့်သွင်းခြင်း

**Textserve -** အများပြည်သူမှ SMS အသုံးပြု၍ သတင်းအချက်အလက်တောင်းဆိုနိုင်ခြင်းနှင့် မှတ်ချက်ပြုနိုင်ခြင်း

**နာဂါမြို့ပြည်သူ့လမ်းညွှန် -** အစိုးရက ပံ့ပိုးပေးနေသည့် အဓိက ဝန်ဆောင်မှု တစ်ခုချင်းစီကို အသေးစိတ် အချက်အလက်များဖြင့် ဖော်ပြထားခြင်း

ပုံ – ၂။ ။ ဝဘ်ဆိုက်မွမ်းမံခြင်း၊ ပြည်သူ့လမ်းညွှန်စာအုပ်ဖန်တီးခြင်း နှင့် SMS စာတိုစနစ်ကို အသုံးချခြင်းကို တနင်္သာရီတိုင်းအစိုးရအတွက် အသင့်တော်ဆုံး ဆက်သွယ်ရေးလမ်းကြောင်း အဖြစ် အသုံးချနိုင်ပါသည်။

### ပြည်သူပူးပေါင်းပါဝင်မှုပြဿနာဖြေရှင်းခြင်း စီမံကိန်းများ

#### မြေယာပိုင်ဆိုင်ခွင့်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း (မာဒါဂါစကာနိုင်ငံ)

**မြေယာဝန်ဆောင်မှုဌာန၏ စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးခြင်း၊ အစိုးရမှဆောင်ရွက်ပေးသည့် မြေယာဆိုင်ရာဝန်ဆောင်မှုများ ရယူအသုံးချမှုများ တိုးတက်လာစေရန်နှင့် အစိုးရဌာန အစုအဖွဲ့များမှ ပေးနေသည့် ဝန်ဆောင်မှုများကို ပြည်သူများကိုယ်တိုင် ပါဝင်လျက် သုံးသပ်မှုများပြုလုပ်ခြင်းဖြင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရန်တို့ဖြစ်သည်။**



ရပ်ရွာအသိုင်းအဝိုင်း တစ်ခုချင်းစီမှ ကိုယ်စားလှယ်များ ရွေးချယ်ခန့်အပ်ခြင်းနှင့် သင်တန်းပေးခြင်း

ဒေသခံများကိုယ်တိုင်အသိအမှတ်ပြု အမှတ်ပေးစနစ်ကိုအသုံးပြု၍ မြေယာဝန်ဆောင်မှုဌာနအတွက် ပြည်သူ့အမြင်နှင့် အကြံပြုချက်များကို ရယူခြင်း

အဓိကစတိတ်ဟိုဒါများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် ပြည်သူ့ပူးပေါင်းပါဝင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း

မြေယာအခွင့်အရေးဆိုင်ရာ အစိုးရ၏ဝန်ဆောင်မှုများအား နားလည်စေနိုင်သော လုပ်ငန်းကိစ္စများပြုလုပ်မည့် လုပ်ငန်းအစီအစဉ်တစ်ခု ရေးဆွဲခြင်း

မြေယာအခွင့်အရေးနှင့်ဥပဒေ အကြံပေးစင်တာ ဖွင့်လှစ်ခြင်း

ပုံ – ၃။ ။ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များအရ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၏ ရှုပ်ထွေးမှုနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ထိုလုပ်ငန်းစဉ်နှင့် ဥပဒေကိုသိရှိမှုနည်းခြင်းကို ထောက်ပြနေပါသည်။ မာဒါဂါစကာနိုင်ငံတွင်ပြုလုပ်ခဲ့သော မြေယာပိုင်ဆိုင်ခွင့်စီမံကိန်းသည် ယခုကဲ့သို့သော ပြဿနာကို ဖြေရှင်းရန်ဖြစ်သည်။

#### ဘတ်ဂျက်ရေးဆွဲရာတွင်ပြည်သူများကိုပါဝင်စေခြင်း (ပေါ်တိုအလက်ဂရီ၊ ဘရာဇီး)

**ဘတ်ဂျက်ရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက် ဦးစားပေးမှုများနှင့် ကိုက်ညီမှု ရှိစေရန်**




**ဒေသငယ်အဆင့် ပြင်ဆင်ရေးအစည်းအဝေးပွဲများ -** ယခင်နှစ်ဘတ်ဂျက် အသုံးချမှုများအား ပြန်လည်ဆန်းစစ်ခြင်းနှင့်ပြည်သူပူးပေါင်းပါဝင်နိုင်သော ဘတ်ဂျက်ရေးဆွဲမှု လမ်းညွှန်များနှင့် စည်းကမ်းများအား ဆွေးနွေးခြင်း

**ဒေသအဆင့်နှင့် အကြောင်းအရာ အလိုက်ဆွေးနွေးခြင်း -** ပြည်သူများက ဦးစားပေး အကြောင်းအရာများ နှင့် စီမံကိန်းများ အတွက် မဲပေး ရွေးချယ်ကြခြင်း

**ကိုယ်စားလှယ်များ ဖိုရမ် -** မတူညီသော ဒေသများမှ ကိုယ်စားလှယ်များ စုပေါင်းပြီး စီမံကိန်းများအား ဆန်းစစ်ခြင်းနှင့် ဦးစားပေး လုပ်ငန်းများ ရွေးချယ်ခြင်း

**ပြည်သူများပါဝင်သည့် မြို့တော်ဘတ်ဂျက်ကောင်စီ -** လိုအပ်ချက်အကြီးအငယ်အပေါ်မူတည်၍ ဒေသဦးစားပေး စီမံကိန်းများအား အသုံးပြုနိုင်သော ဘတ်ဂျက် နှင့် သဟဇာတဖြစ်စေခြင်း

ပုံ – ၄။ ။ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်ချမှတ်ရေးကဏ္ဍတစ်ခုအား ဘတ်ဂျက်ရေးဆွဲခြင်းတွင် လွှမ်းမိုးနိုင်စေရန် အဆင့်များစွာဖြင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဤဖြစ်စဉ်များကို သမားရိုးကျနည်းလမ်းများအတိုင်း ပြန်လည်မွမ်းမံအသုံးပြုခြင်းအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွက် အကျိုးပြုနိုင်ပါသည်။

## (၆) အကြံပြုချက်များ

ဤအကြံပြုချက်များသည် နိုင်ငံတကာ အတွေ့အကြုံကောင်းများနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ခဲ့သော အစိုးရဝန်ထမ်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အသိအမြင်နှင့် အကြံဉာဏ်များအပေါ် အခြေခံပါသည်။ အရင်းအမြစ်ကန့်သတ်ချက်များရှိသည့်အလျောက် အချို့သောပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများရှိပေလိမ့်မည်။ သို့သော်လည်း တနင်္သာရီတိုင်းဒေသကြီးကဲ့သို့ ရေရှည်မျှော်ကိုးသောဒေသတွင် အသစ်တီထွင်ဖန်တီးရန်နှင့် ဒေသခံများအတွက် ပိုမိုကောင်းမွန်စွာ အကျိုးပြုစေရန် စိတ်အားထက်သန်မှုနှင့် စိတ်ပါဝင်စားမှုရှိသည်ကိုတွေ့ရသည်။

## တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူ့ဆက်ဆံရေးတိုးတက်လာစေရန် လုပ်ဆောင်နိုင်သောအရာများ

### ■ ပြည်သူ့ဆက်ဆံရေး နည်းဗျူဟာတစ်ခုရေးဆွဲခြင်း-

ရေဒီယို၊ ပုံနှိပ်မီဒီယာ (မဂ္ဂဇင်း၊ လက်စွဲစာအုပ်နှင့် လက်ကမ်းစာစောင်)၊ ဝဘ်ဆိုက်များ၊ ဆန်းသစ်သော ဖျော်ဖြေမှုများ နှင့် SMS စာတိုများအပါအဝင် မျိုးစုံသော ဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးပြုခြင်း။

- ► သတင်းအချက်အလက်များအား အချိန်မှန်စွာ ဖြန့်ဝေနိုင်ရန်နှင့် ပုံနှိပ်မီဒီယာကို ကန့်သတ်ထားသော ဘာသာစကားနှင့် စာတတ်မြောက်ခြင်း ပြဿနာများအား ကျော်လွှားနိုင်ရန် ဒေသအခြေပြုရေဒီယိုဌာနများ (ဥပမာ - FM ရေဒီယို) တည်ထောင်ခြင်း။
- ► တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီ သို့မဟုတ် မိတ်ဖက်အဖွဲ့များနှင့်လက်တွဲကာ SMS အခြေပြု ပြန်ကြားရေးစနစ်ကို အသုံးပြုပြီး ဥပဒေများ၊ အစိုးရစီမံကိန်းများ၊ ဘေးအန္တရာယ်ကြိုတင်သတိပေးခြင်းနှင့် အခြားသော သတင်းအချက်အလက်များကို ပေးပို့နိုင်ပါသည်။
- ► လက်ရှိ တနင်္သာရီတိုင်းဒေသကြီးအစိုးရဝဘ်ဆိုက်တွင် ပြည်သူများ နားလည်လွယ်သည့် အသုံးအနှုန်းဖြင့် ရေးသားထားသည့် ဥပဒေများနှင့် စည်းကမ်းများ၊ ဆက်သွယ်ရမည့် တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ချိန်များ၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် နှစ်ပတ်လည်ဘတ်ဂျက်များ၊ ရရှိနိုင်သည့်ဝန်ဆောင်မှုများနှင့် ၎င်းတို့အားအသုံးချပုံများကို ထပ်တိုးဖော်ပြနိုင်ပါက ယခုထက် ပို၍ အသုံးတည့်နိုင်မည်ဖြစ်သည်။
- ► အစိုးရမှပေးသော ဝန်ဆောင်မှုများ၊ ၎င်းတို့အားအသုံးပြုရန်နှင့် မည်သူ့အား ဆက်သွယ်ရမည်ကို ပြည်သူလူထုထံသို့ အသိပေးရန် လမ်းညွှန်စာအုပ်တစ်ခု ဖန်တီးခြင်း
- ► ဆက်သွယ်ရေးလမ်းကြောင်းတိုင်းတွင် ဒေသနှင့်ကိုက်ညီသော ဘာသာစကားမျိုးစုံကိုထည့်သွင်းခြင်း
- ► လူထုတွေ့ဆုံပွဲများ၊ ပုံနှိပ်မီဒီယာနှင့် ရေဒီယိုကဲ့သို့သော နည်းလမ်းများ အသုံးပြုခြင်းဖြင့် ဝေးလံခေါင်သီသော ကျေးလက်လူထုသို့ သတင်းအချက်အလက်များ ရောက်ရှိစေနိုင်ခြင်း

### ■ အစိုးရ၏အချိန်မဆိုင်းတုံ့ပြန်မှုနှင့် တာဝန်ခံမှုအား မြှင့်တင်ခြင်း-

- ► အစိုးရ၏ အချိန်မဆိုင်းတုံ့ပြန်မှုနှင့် တာဝန်ခံမှုအား မြှင့်တင်ရန် ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်သူများ၏တုံ့ပြန်မှုနှင့် တိုင်တန်းချက်များအား လက်ခံခြင်း။
- ► SMS အသုံးပြု၍ ပြည်သူ့သဘောထားကောက်ယူခြင်းအားဖြင့် ဒေသသတင်းအချက်အလက်များတောင်းဆိုရန်နှင့် ပြည်သူလူထု၏ တုံ့ပြန်မှုနှင့် တိုင်ကြားချက်များကို လက်ခံရယူခြင်း။

## တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူပူးပေါင်းပါဝင်မှုတိုးတက်လာစေရန်လုပ်ဆောင်နိုင်သောအရာများ

### ■ ပြည်သူပါဝင်သောဘတ်ဂျက်ရေးဆွဲခြင်း

မကြာမီက တနင်္သာရီတိုင်းဒေသကြီးတွင် အောင်မြင်စွာ လုပ်ဆောင်ခဲ့သော ဘတ်ဂျက်လုပ်ငန်းများတွင် ပြည်သူပါဝင်မှု စီမံကိန်းများအား ဆက်လက်လုပ်ဆောင်ရန် -

- ► ပြည်သူများအား နယ်ပယ်အလိုက် ဘတ်ဂျက်ဆန်းစစ်ခြင်း၊ ဦးစားပေးရွေးချယ်ခြင်းနှင့် မဲပေးခြင်းတို့တွင် ပါဝင်ခွင့်ပြုပြီး စည်ပင်၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ပြုရန်
- ► ဌာနတစ်ခုချင်းစီတွင် ၎င်းဌာနနှင့်ဆိုင်သော ပိုမိုအသေးစိတ်သည့်ကိစ္စရပ်များကိုသာ လွှမ်းခြုံသောပြည်သူများပါဝင်သည့်ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းများကိုလုပ်ဆောင်ခြင်း
- ► ပြည်သူများဘတ်ဂျက်လုပ်ငန်းတွင် ပါဝင်လာစေရန် စည်းဝေးပွဲများနှင့်ဖိုရမ်များပြုလုပ်ခြင်း၊ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ်ခြင်း၊ ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များကို နားလည်လွယ်စေရန် လွယ်ကူရှင်းလင်းသည့် ပုံစံများဖြင့်ရေးသားထုတ်ဝေခြင်းနှင့် ရပ်ရွာကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း
- ► ပိုစတာများ၊ ပြခန်းများ၊ မဂ္ဂဇင်းများနှင့် အခြားဆန်းသစ်ပြီး အများပြည်သူ နားလည်နိုင်သောပုံစံများအသုံးပြု၍ ပြည်သူ့ဘတ်ဂျက်နှင့် အခြားသော ဘတ်ဂျက်ဆိုင်ရာသတင်းအချက်အလက်များကို မြို့ပြနှင့်ကျေးလက်ဒေသလူထုထံသို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်း

### ■ မြေယာပြဿနာ

- ► မြေယာမှတ်ပုံတင်ခြင်း၊ ပြည်သူပါဝင်မှုဆန်းစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းနှင့် ပြည်သူလူထုအသိပညာ မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း
- ► ရပ်ရွာအမှတ်ပေးစနစ် သို့မဟုတ် ရပ်ရွာတွေ့ဆုံပွဲများအားအသုံးချပြီး မြေယာမှတ်ပုံတင်ခြင်းနှင့်ဝန်ဆောင်မှုပေးခြင်းတို့အပေါ်တွင် လူထုအမြင်နှင့် လိုအပ်ချက်များကိုဆန်းစစ်နိုင်ရန်နှင့်သုံးသပ်မှုများပြုလုပ်ခြင်း
- ► လူ့စွမ်းအားနှင့် ဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်လိုအပ်ချက်များအတွက် မြေယာဌာန၊ ရပ်ရွာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ဥပဒေအကြံပေးစင်တာတစ်ခုတည်ဆောက်ခြင်း - စင်တာ၏ လုပ်ငန်းတာဝန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများသည် ရပ်ရွာလိုအပ်ချက်ဆန်းစစ်မှုရလဒ်အပေါ်တွင် အခြေခံကာ သတ်မှတ်နိုင်ပြီး လုပ်ငန်းစဉ်များအနေဖြင့် ဥပဒေအကြံပေးခြင်း၊ မြေယာမှတ်ပုံတင်လုပ်ထုံးလုပ်နည်းများနှင့် အခြားသော ကိစ္စရပ်များအတွက် အချက်အလက်ပံ့ပိုးခြင်းများကဲ့သို့သော လုပ်ငန်းများ ထည့်သွင်းဆောင်ရွက်နိုင်သည်။
- ► ဘုန်းတော်ကြီးများနှင့်ဘာသာရေးခေါင်းဆောင်များကို မြေယာကိစ္စဆိုင်ရာအချက်အလက်များဖြန့်ဝေခြင်း၊ ရပ်ရွာခေါင်းဆောင်များကို တိုက်တွန်းရာတွင် ပါဝင်စေခြင်းနှင့် ပြည်သူလူထု၏အသိအမြင်များ တိုးတက်အောင်ဆောင်ရွက်ရာတွင် ပါဝင်စေခြင်း
- ► မြေယာဌာနများနှင့်ပူးပေါင်း၍ ဒေသအခြေစိုက် မြေယာဝန်ဆောင်မှုကိုယ်စားလှယ်တစ်ရပ် တည်ထောင်ခြင်းဖြင့် မြေယာပြဿနာဖြေရှင်းရာတွင် ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုကိုအကောင်အထည်ဖော်ခြင်း

### ■ အမျိုးသမီးပူးပေါင်းပါဝင်မှု

- ► အခြေခံကျသော နည်းလမ်းများဖြစ်သော (အမျိုးသမီး၊ ဘာသာရေးခေါင်းဆောင်များ၊ အစိုးရကိုယ်စားလှယ်များဟူသော) စတိတ်ဟိုဒါအားလုံးပါဝင်သော တွေ့ဆုံပွဲများ၊ အမျိုးသမီးပူးပေါင်းပါဝင်ခြင်းနှင့်ဆိုင်သော စကားရည်လုပွဲများ၊ လူမှုရေးဆွေးနွေးပွဲများ၊ အမျိုးသမီးများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်းများနှင့် စတိတ်ဟိုဒါများ၏ အမျိုးသမီးအခွင့်အရေးနှင့် ပူးပေါင်းပါဝင်မှုအပေါ် အားပေးအားမြှောက်ပြုခြင်းတို့ဖြင့်အမျိုးသမီးပါဝင်မှုကို မြှင့်တင်ခြင်း

### ■ ရင်နှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ

- ► လူထုတွေ့ဆုံပွဲများ၊ ရပ်ရွာအလုပ်ရုံဆွေးနွေးပွဲများနှင့် ဒေသကိုယ်စားလှယ်များအားစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများပေးခြင်းဖြင့် ပြည်သူလူထုအား ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်သည့်အပိုင်းတွင်လွှမ်းမိုးနိုင်စွမ်းရှိစေခြင်း။
- ► ရင်နှီးမြှုပ်နှံမှုနှင့် သတ္တုတွင်းလုပ်ငန်းများဆိုင်ရာအချက်အလက်များကို ပုံနှိပ်မီဒီယာ၊ လူမှုကွန်ယက်၊ ဝဘ်ဆိုက်နှင့် အခြေခံကျသော တွေ့ဆုံပွဲများနှင့် ဆွေးနွေးပွဲများအပါအဝင် အသင့်လျော်ဆုံးသော ဆက်သွယ်ရေးလမ်းကြောင်းများအားအသုံးပြုပြီး နားလည်လွယ်ပြီး ရှင်းလင်းသောသတင်းအချက်လက်များအား ပြည်သူများထံသို့ ဖြန့်ဝေခြင်း - ၎င်းတို့ကို ပြည်ထောင်စုဝန်ကြီးဌာန၊ ဒေသန္တရအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများအကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် နောက်ဆုံးရသတင်းအချက်အလက်များကို ရယူပြီး ပြည်သူလူထုထံ အချိန်မှန်စွာ ချပြနိုင်စေရန် ဆောင်ရွက်နိုင်ပါသည်။

ဤမူဝါဒဆိုင်ရာအကျဉ်းချုပ်စာတမ်းကို
"ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှု -
ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသန္တရအုပ်ချုပ်ရေးနှင့် ရပ်ရွာလူထုများကို အားပေးမြှင့်တင်ခြင်း"
လက်စွဲစာအုပ်ကို အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။

ရေးသားသူ - စောမာဂေထူး
တည်းဖြတ်သူ - KIVU International (UK)

**ANOTHER DEVELOPMENT POLICY THINK TANK**
office@anotherdevelopment.org
+959 264883421
62, 5th Floor, Nyaung Tone Street, Sanchaung Township, Yangon.
www.anotherdevelopment.org

another development
မူဝါဒဆိုင်ရာ အကျဉ်းချုပ်စာတမ်း

# ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှု
## တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသန္တရအုပ်ချုပ်ရေးနှင့် ရပ်ရွာလူထုများကို အားပေးမြှင့်တင်ခြင်း



## နောက်ခံအကြောင်းအရာများ

ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကာလအတွက် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ဒေသန္တရအဆင့် ပြည်သူလူထု၏ လိုအပ်ချက်နှင့် တောင်းဆိုမှုများကို ဖြည့်စွက်နိုင်ရန် ထိရောက်သောဒေသန္တရအစိုးရကို အကောင်အထည်ဖော်ရန် ကြိုးစားနေကြသည်။ ယခုမူဝါဒအကျဉ်းချုပ်စာတမ်းသည် ဤနောက်ခံအကြောင်းအရာကို အခြေပြုထားပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွက် ရည်ရွယ်ပြီး ပိုမိုတုံ့ပြန်မှုရှိပြီး ထိရောက်သော အစိုးရတစ်ရပ်ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲရန်လိုအပ်သည့် ကိစ္စရပ်များအား ဆွေးနွေးဖော်ပြထားပါသည်။

ယခုမူဝါဒဆိုင်ရာအကျဉ်းချုပ်စာတမ်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွက် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူပူးပေါင်းပါဝင်မှု၏အရေးပါခြင်း အကြောင်းအရင်းများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း သတင်းအချက်အလက်ရယူမှုနှင့် ပူးပေါင်းပါဝင်မှုဆိုင်ရာ ရေခံမြေခံအခြေအနေ၊ ထိုနယ်ပယ်နှစ်ခုအား အရေးယူကိုင်တွယ်ရန် အောင်မြင်ပြီးသား နိုင်ငံတကာအတွေ့အကြုံများနှင့် အလုပ်ရုံဆွေးနွေးပွဲအတွင်း ဖော်ထုတ်ထားသော ပြဿနာများအား ကိုင်တွယ်အရေးယူရန် ကာလံဒေသံအပေါ် အခြေခံသော လက်တွေ့ကျသည့် ဖြေရှင်းချက်များပါသည့် အကြံပေးချက်များ ပါဝင်ပါသည်။